ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန
အလုပ်သမားညွှန်ကြားရေးဦးစီးဌာန
နေပြည်တော်

စာအမှတ်၊ ၃/၂၇/အလည(ရွှေ့ပြောင်း)၂၀၂၀(၁၈၄၄၃)
ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၉ ရက်

သို့

မြန်မာပြည်ပအလုပ်အကိုင်ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်

ဂျပန်နိုင်ငံသို့ စေလွှတ်လျက်ရှိသည့် ပြည်ပအလုပ်အကိုင်

အကျိုးဆောင်လိုင်စင်ရအေဂျင်စီများအားလုံး

အကြောင်းအရာ။ **ဝန်ဆောင်ခနှုန်းထားများနှင့်စပ်လျဉ်း၍ အကြောင်းကြားခြင်း**

ရည်ညွှန်းချက် ။ (၁) အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၏ ၃၀-၁၂-၂၀၁၉ ရက်စွဲပါ စာအမှတ်၊ ၃/၂၇/အလည (ရွှေ့ပြောင်း) ၂၀၁၉ (၅၀၉၃၅)

(၂) အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၏ ၃၀-၁၂-၂၀၁၉ ရက်စွဲပါ စာအမှတ်၊ ၃/၂၇/အလည (ရွှေ့ပြောင်း) ၂၀၁၉ (၅၀၉၃၆)

(၃) အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၏ ၃၀-၁၂-၂၀၁၉ ရက်စွဲပါ စာအမှတ်၊ ၃/၂၇/အလည (ရွှေ့ပြောင်း) ၂၀၁၉ (၅၀၉၃၇)

၁။ ပြည်ပသို့ သွားရောက်လုပ်ကိုင်မည့်၊ သွားရောက်လုပ်ကိုင်နေသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေးများအား ကာကွယ်စောင့်ရှောက်ရန်အတွက် လုံခြုံစိတ်ချရသော ရွှေ့ပြောင်းသွားလာမှုဖြစ်စေရေးနှင့် ကျင့်ဝတ်နှင့်ညီသော လူစုဆောင်းမှုဖြစ်စေရေးတို့အား အလေးထားဆောင်ရွက်လျက်ရှိရာ ဂျပန်နိုင်ငံသို့ သွားရောက်လုပ်ကိုင်မည့် အလုပ်သမားများအတွက် အများဆုံးကောက်ခံနိုင်သည့် အေဂျင်စီဝန်ဆောင်ခများ သတ်မှတ်၍ ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရအေဂျင်စီများအား အကြောင်းကြားထားပြီး ဖြစ်ပါသည်။

၂။ ဂျပန်နိုင်ငံသို့ သွားရောက်လုပ်ကိုင်ရန် အများဆုံးကောက်ခံနိုင်သည့် အေဂျင်စီဝန်ဆောင်ခနှုန်းထားများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) နည်းပညာအလုပ်သင် သင်တန်းသားများအတွက် အမေရိကန်ဒေါ်လာ ၂၈၀၀

| စဉ် | အကြောင်းအရာ | ကုန်ကျစရိတ် |
|---|---|---|
| (၁) | ဂျပန်နိုင်ငံရှိ ကြီးကြပ်အဖွဲ့၏ ဝန်ဆောင်ခနှင့်ကုန်ကျစရိတ် | US$ 500 |
| (၂) | ဂျပန်နိုင်ငံရှိ သင်တန်းသားအလုပ်သမားများ ကြီးကြပ်ဆောင်ရွက်ရန် သွားရောက်ရသော ခရီးစရိတ် | US$ 400 |
| (၃) | လူတွေ့ရွေးချယ်ရန်အတွက် ကုန်ကျစရိတ်များ | US$ 300 |

| | | |
|---|---|---|
| (၄) | Demand ဖိုးသွင်းငွေ/ ဗီဇာဖိုးသွင်းငွေ/ ဘာသာပြန်စရိတ်/ နိုတြီစရိတ်/ အမြန်ချောပို့စရိတ် | US$ 200 |
| (၅) | COE လျှောက်ရန်အတွက် စာရွက်စာတမ်းပြုလုပ်ရန် ကုန်ကျစရိတ် | US$ 200 |
| (၆) | ဂျပန်ဘာသာစကား (Level-N4) နှင့် လုပ်ငန်းခွင် သင်တန်းတို့အတွက် သင်တန်းစရိတ် | US$ 500 |
| (၇) | ဂျပန်နိုင်ငံသို့ ဆက်သွယ်ရေးစရိတ် | US$ 100 |
| (၈) | ဆေးစစ်ခ (၂ ကြိမ်) | US$ 100 |
| (၉) | အထွေထွေကုန်ကျစရိတ် | US$ 100 |
| (၁၀) | အေဂျင်စီ၏ ဝန်ဆောင်ခ | US$ 400 |
| | စုစုပေါင်း | US$ 2800 |

(ခ) ကျွမ်းကျင်အလုပ်သမားများအတွက် အမေရိကန်ဒေါ်လာ ၁၅၀၀

| စဉ် | အကြောင်းအရာ | ကုန်ကျစရိတ် |
|---|---|---|
| (၁) | Demand ဖိုးသွင်းငွေ/ ဗီဇာဖိုးသွင်းငွေ/ ဘာသာပြန်စရိတ်/ နိုတြီစရိတ်/ အမြန်ချောပို့စရိတ် | US$ 200 |
| (၂) | ဂျပန်နိုင်ငံရှိ သင်တန်းသား အလုပ်သမားများ ကြီးကြပ်ဆောင်ရွက်ရန် သွားရောက်ရသော ခရီးစရိတ် (၅) နှစ်အတွက် | US$၀ 600 |
| (၃) | COE လျှောက်ရန်အတွက် စာရွက်စာတမ်းပြုလုပ်ရန် ကုန်ကျစရိတ် | US$ 200 |
| (၄) | ဆေးစစ်ခ( ၂ ကြိမ်) | US$ 100 |
| (၅) | အေဂျင်စီ၏ ဝန်ဆောင်ခ | US$ 400 |
| | စုစုပေါင်း | US$ 1,500 |

(ဂ) နည်းပညာအလုပ်သင် သင်တန်းသားအဖြစ် ၃ နှစ် လုပ်ကိုင်ပြီးမြောက်ပြီး အလုပ်သမားများ (ဂျပန်နိုင်ငံ၊ မတူညီသောလုပ်ငန်းရှင်နှင့် လုပ်ငန်းခွင်၊ မတူညီသော အဖွဲ့အစည်း တို့သို့ မူလအေဂျင်စီမဟုတ်ဘဲ အေဂျင်စီ နောက်တစ်ခုမှတစ်ဆင့်) နောက်ထပ် ၂ နှစ် ထပ်မံလုပ်ကိုင်မည့် အလုပ်သမားများအတွက် အမေရိကန်ဒေါ်လာ ၁၆၀၀

| စဉ် | အကြောင်းအရာ | ကုန်ကျစရိတ် |
|---|---|---|
| (၁) | ဂျပန်နိုင်ငံရှိ ကြီးကြပ်အဖွဲ့၏ ဝန်ဆောင်ခနှင့် ကုန်ကျစရိတ် | US$ 500 |

| | | |
|---|---|---|
| (၂) | ဂျပန်နိုင်ငံရှိ သင်တန်းသားအလုပ်သမားများ ကြီးကြပ်ဆောင်ရွက်ရန် သွားရောက်ရသော ခရီးစရိတ် | US$ 300 |
| (၃) | Demand ဖိုးသွင်းငွေ/ ဗီဇာဖိုးသွင်းငွေ/ ဘာသာပြန် စရိတ်/ နိုတြီစရိတ်/ အမြန်ချောပို့စရိတ် | US$ 200 |
| (၄) | COE လျှောက်ရန်အတွက် စာရွက်စာတမ်းပြုလုပ်ရန် ကုန်ကျစရိတ် | US$ 200 |
| (၅) | ဂျပန်နိုင်ငံသို့ ဆက်သွယ်ရေးစရိတ်နှင့် အထွေထွေ ကုန်ကျစရိတ် | US$ 100 |
| (၆) | အေဂျင်စီ၏ ဝန်ဆောင်ခ (၂) နှစ်စာအတွက် | US$ 300 |
| စုစုပေါင်း | | US$ 1,600 |

**(ဃ) နည်းပညာ အလုပ်သင် သင်တန်းသားအဖြစ် ၃ နှစ် လုပ်ကိုင်ပြီးမြောက်ပြီး အလုပ်သမားများ ဂျပန်နိုင်ငံ၊ လုပ်ငန်းတူ၊ အလုပ်ရှင်တူ၊ အဖွဲ့အစည်းတူနှင့် မြန်မာအေဂျင်စီတူ (မူလစေလွှတ်ခဲ့သည့်အေဂျင်စီ)များအတွက် နောက်ထပ် ၂ နှစ် ထပ်မံလုပ်ကိုင်မည့် အလုပ်သမားများအတွက် အမေရိကန်ဒေါ်လာ ၂၀၀။**

၃။ သို့ဖြစ်၍ ဂျပန်နိုင်ငံသို့ စေလွှတ်သည့် ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်ရ အေဂျင်စီများအနေဖြင့် အလုပ်သမားတစ်ဦးထံမှ အများဆုံးကောက်ခံနိုင်သည့် အေဂျင်စီ ဝန်ဆောင်ခများအား အထက်ဖော်ပြပါ သတ်မှတ်နှုန်းများအတိုင်း ကောက်ခံသွားရန်နှင့် အေဂျင်စီများအနေဖြင့် သတ်မှတ်သည့်ဝန်ဆောင်ခထက် ပိုမိုကောက်ခံကြောင်း စိစစ်တွေ့ရှိရပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထပ်မံအကြောင်းကြားသည်။

ဝင်းရှိန်
ညွှန်ကြားရေးမှူးချုပ်

မိတ္တူကို

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန
ရုံးလက်ခံ
မျှောစာတွဲ